# Highlights from DVB Debate’s ICT and Myanmar Show

## October 8, 2016

## “How can ICT benefit Myanmar?”

“ကျေးလက်မှာနေတဲ့ ပြည်သူတွေနဲ့ မြို့ပြနေပြည်သူတွေကြားမှာကလည်း အိုင်စီတီအသုံးပြုပုံ ကွာဟမှုကလည်းဖြစ်နေတယ်”

ဦးဝေမျိုးထွဋ္ဌ - အစီအစဉ်ညှိနှိုင်းရေးမှူး၊ မြန်မာအိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

---

“အချိန်ကုန်၊ ငွေကုန်သက်သာအောင် ပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်အောင် အိုင်စီတီနည်းပညာကို ကိရိယာတခုလို သုံးပြီးလုပ်ဆောင်ရတာကို အီးဂါးဗန်းမင့်လို့လည်း ခေါ်တယ်”

ဒေါ်နွယ်နီစိုးရင် - ညွှန်ကြားရေးမှူး(E-Government ဌာန)၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

---

“အပလီကေးရှင်းရေးလိုက်တယ် ဆိုပါတော့ တအောင့်နေရင် ကော်ပီကူးခံရတယ်။ ဥပဒေပိုင်းနဲ့ ကာကွယ်ပေးမှုပိုင်းတွေ အားနည်းတော့ ဥပမာ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်လို လုပ်ချင်တဲ့သူတွေက ဆော့ဖ်ဝဲ ရေးချင်တဲ့သူတွေက မလုပ်တော့ဘူး”

ဦးမင်းတေဇညွှန့်တင် - အကြံပေး၊ Blue Ocean Operating Management ကုမ္ပဏီ

---

“လူတွေက သတင်းအချက်အလက်တွေအများကြီး ရုတ်ချည်းတော့ ရလာတယ်။ ဒါပေမယ့် အမှန်၊ အမှား ဝေဖန်ပိုင်းခြားနိုင်မှုကျ လိုနေသေးတယ်”

ဦးဝေမျိုးထွဋ္ဌ - အစီအစဉ်ညှိနှိုင်းရေးမှူး၊ မြန်မာအိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

---

“ကျမတို့အနေနဲ့လည်း အစိုးရ-အစိုးရချင်း အီးဂါးဗန်းပိုင်းပဲ စ နိုင်ပါသေးတယ်။ အစိုးရနဲ့လူထု လူထုကိုဝန်ဆောင်မှုပေးဖို့ လုပ်နိုင်ဖို့ အပိုင်းကတော့ လိုသေးတယ်”

ဒေါ်နွယ်နီစိုးရင် - ညွှန်ကြားရေးမှူး(E-Government ဌာန)၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

---

“အီးဂါးဗန်းမင့်လို့ဆိုလိုက်ရင် ကျနော်တို့ ဆွေးနွေးဖို့ ကျန်နေတာက အခြေခံအဆောက်အဦပိုင်း၊ နောက်တခုက ဝန်ကြီးဌာနနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက အီးဂါးဗန်းမင့်ထက် သူတို့အကျိုးစီးပွားပဲ လုပ်ခဲ့ကြတာများတယ်။ အိုင်စီတီနဲ့ ပတ်သက်တဲ့

စံနှုန်းတွေထားဖို့လည်း ဆွေးနွေးဖို့ လိုပါတယ်။ တိကျတဲ့ မူဂါဒချမှတ်မှုတွေ မရှိတာလည်း တွေ့ရတယ်”

ဦးဟန်ဇော် - အယ်ဒီတာ(Info Digest Media House)

---

“အိုင်စီတီနည်းပညာတွေ အသုံးပြုပြီး ရုံးလုပ်ငန်းစဉ်တွေမှာ တကယ်အသုံးချနိုင်ရင် ရုံးလုပ်ငန်းတွေမှာ စားပွဲတခုကတခု လုပ်ငန်းကြာနေတာတွေ ဖြုတ်ချပြီးသားပါ ဖြစ်သွားမယ်”

ဦးစိုးလင်းထွဋ် - ပူးတွဲတည်ထောင်သူ၊ ပွင့်လင်းလွှတ်တော်ဂက်ဘ်ဆိုဒ်

---